




# 504 စီမံချက်

အကယ်၍ သင့်ကလေးက ကျောင်း၌ အောင်မြင်စေရန်အတွက် ပုံမှန်ထက်ပိုသော အကူအညီကို လိုအပ်သော်လည်း၊ အထူး ပညာရေးအတွက် သတ်မှတ်ချက် မပြည့်မီလျှင်၊ သင် ဘာလုပ်မလဲ။ 504 စီမံချက် တစ်ခုကို မေးကြည့်ပါလား! ဤစီမံချက်သည် သင့်ကလေးကို သူတို့၏ ပညာရေးမှာ အပြည့်အဝ ပါဝင်နိုင်ရန်အတွက်၊ လိုအပ်နေသော သင့်တင့်နေရာချပေးခြင်းများနှင့် ဝန်ဆောင်မှုများကို ဖွံ့ဖြိုးအောင် စီမံပေးပါမည်။

## မိမိကိုယ်မိမိ မေးကြည့်ပါ၊ သင့်ဆရာဝန် (သို့) ဆရာ/မကို မေးကြည့်ပါ:

- သင့်ကလေးမှာ နေ့စဉ်ဘဝ ပြုဖွယ်ဆောင်တာများကို ဆောင်ရွက်ရာတွင် သူ၏ စွမ်းရည်ကို ကန့်သတ်အားနည်းစေသော မသန်မစွမ်းဖြစ်နေမှု (သို့) ကျန်းမာရေး အခြေအနေ တစ်ခုခု ရှိနေသလား။
- ၎င်းအခြေအနေက သူတို့ကို သူတို့၏ ပညာရေးမှာ အပြည့်အဝ ပါဝင်နိုင်ခြင်းမှ တားဆီးနေသလား။

## အဆင့် 1 - ရည်ညွှန်းတောင်းခံရန်

- သင့် အနေနှင့်၊ သင့်ကလေးသည် မသန်မစွမ်းဖြစ်ခြင်းကြောင့် ထိုက်သင့်သော သင့်တင့်နေရာချပေးခြင်းများကို လိုအပ်သည်ဟု ထင်မြင်လျှင်၊ သင်၏ ကျောင်းက ကျောင်းအုပ်ကြီးထံသို့ စာတစ်စောင် ရေး၍၊ 504 စီမံချက်ကို ထည့်သွင်းစဉ်းစားပေးရန် တောင်းခံပါ။
- တောင်းခံစာ၏ မိတ္တူတစ်စောင်ကို သင်၏ မှတ်တမ်းများအတွက် သိမ်းထားပါ။

## အဆင့် 2 - တစ်ဦးချင်း အကဲဖြတ်ခြင်း

- အကယ်၍ သင့်ကလေး တွင် ဘဝအတွက် အရေးပါသော ပြုဖွယ်အလုပ် (အမြင်၊ အကြား၊ လမ်းလျှောက်ခြင်း၊ သင်ကြားခြင်း၊ စသည်ဖြင့်) တစ်ခုခုကို ကန့်သတ်အားနည်းစေသော အဟန့်အတား တစ်မျိုး ရှိနေလျှင်၊ ကျောင်းအသင်းအဖွဲ့ တစ်ဖွဲ့က အကဲဖြတ်ချက် တစ်ရပ်ကို အပြီးသတ် ဆုံးဖြတ်ပေးပါမည်။
- အကဲဖြတ်ချက် ပြီးဆုံးပြီးနောက်မှာ၊ ကလေးက 504 စီမံချက် အတွက် သတ်မှတ်ချက်စံ ပြည့်မီသည်ဟု ဆုံးဖြတ်ရန် အလို့ငှာ၊ စီရင်စု အနေနှင့် အသင်းအဖွဲ့ အစည်းအဝေး တစ်ခု ကျင်းပရန်၊ အစီအစဉ် ရေးဆွဲပါလိမ့်မည် (မိဘများ/မိသားစုဝင်များသည် အသင်းအဖွဲ့၏ အဖွဲ့ဝင် ဖြစ်ပါသည်)။
- ကျောင်းက ဤအစည်းအဝေး ကျင်းပမည့် တည်နေရာနှင့် အချိန်ကို မိဘများသို့ အကြောင်းကြားရမည် ဖြစ်ပြီး၊ သို့မှသာ သူတို့တတွေ တက်ရောက်နိုင်မည် ဖြစ်သည်။

## အဆင့် 3 – 504 စီမံချက်ရေးဆွဲခြင်း

- ကလေးက သတ်မှတ်ချက်စံ ပြည့်မီသည့်အတွက်၊ အသင်းအဖွဲ့ အနေနှင့် အစီအစဉ်တစ်ရပ် ဖြစ်ပေါ်လာအောင် စီမံပေးရမည်။
- 504 စီမံချက်တွင်၊ ကျောင်းသား/သူများကို ကျောင်းပရိုဂရမ်များနှင့် လှုပ်ရှားမှုများ၌ တန်းတူ ပါဝင်နေအောင် လမ်းဖွင့်ပေးသည့် ဝန်ဆောင်မှုများနှင့် သင့်တင်နေရာချပေးခြင်းများ ပါဝင်ပါသည်။

## အဆင့် 4 - 504 စီမံချက်ပြန်လည်သုံးသပ်ခြင်း

- ကျောင်းစီရင်စုသည် ကျောင်းသား/သူ ကို သင့်တော်မှန်ကန်သော သင့်တင့်နေရာချပေးခြင်းများနှင့် ဝ ဝန်ဆောင်မှုများက စီစဉ်ပေးထားသည်ဟု သေချာစေရန်၊ စီမံချက်ကို နှစ်စဉ် ပြန်လည်သုံးသပ်လိမ့်မည် ဖြစ်ပြီး၊ အကယ်၍ စီမံချက်၌ လိုအပ်သောအရာများ ရှိနေဆဲဖြစ်ပါက၊ ဆုံးဖြတ်ချက် ချမှတ်ရန်အတွက် ကျောင်းသား/သူ၏ တိုးတက်မှုကို ပြန်လည်သုံးသပ်ပါလိမ့်မည်။

## နောက်ထပ် ပို၍ သင် လေ့လာရန်

- ပုဒ်မ 504 သည် ယူအက် ပညာရေးဌာန(ED) မှ ဘဏ္ဍာရေး အထောက်အပံ့ ရထားသော၊ ပရိုဂရမ်များနှင့် လှုပ်ရှားမှုများထဲက မသန်မစွမ်းဖြစ်နေသည့် လူပုဂ္ဂိုလ်များ၏ အခွင့်အရေးများကို အကာအကွယ်ပေးရန် ပုံဖော်ထားသော၊ ဖက်ဒရယ် ဥပဒေ တစ်ခု ဖြစ်ပါသည်။ ပညာရေးဌာန (ED)။
- 504 စီမံကိန်း၏ စံသတ်မှတ်ချက် မရှိပါ၊ ကျောင်းသား/သူတိုင်းသည် မတူကွဲပြားသော လိုအပ်မှုများ ရှိနေမည် ဖြစ်ပြီး၊ အကယ်၍ သတ်မှတ်ချက်စံ ပြည့်မီပါက၊ ကွဲပြားသော စီမံကိန်းတစ်ခုကို ရရှိစေပါမည်။
- ပုဒ်မ 504 ပြဌာန်းချက်များ အောက်က၊ မသန်မစွမ်း ကျောင်းသား/သူ တစ်ဦးအဖို့ သင့်တော်သော ပညာရေးတစ်ရပ်တွင်၊ ပုံမှန် စာသင်ခန်းများထဲက ပညာရေး၊ အပိုဆောင်းခံစားခွင့် ဝန်ဆောင်မှုများ ပါသော ပုံမှန် အတန်းများထဲက ပညာရေး (သို့) အထူးပညာရေးနှင့် ၎င်းဖြင့် သက်ဆိုင်သော ဝန်ဆောင်မှုများ (သို့) ၎င်းတို့နှစ်မျိုးစလုံး ပါရှိနိုင်ပါသည်။

---

ရည်ညွှန်းချက်များနှင့် အချက်အလက်များကို စီစဉ်ပေးသူမှာ:
-www.opwdd.ny.gov
-www2.ed.gov
နောက်ထပ် အချက်အလက်များအတွက် parentnetwork-wny.org ကို ဝင်လည်ပါ

( 1 )332-4170
info@parentnetworkwny.org
www.parentnetworkwny.org

PARENT NETWORK OF WESTERN NEW YORK

@ParentNetwork
@PNWNY